အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

Human Rights in Myanmar

အတွဲ ၁ အမှတ် ၃၁ ၂၄ ဖေဖြေ ၂၀၂၃

နော်ဝေရောက် မြန်မာပြည်ဖွား ပြည်သူများနှင့် ဝန်ကြီးများ တွေ့ဆုံ၊ နိုင်ငံတကာရေးရာကိစ္စများ ဆွေးနွေး

မတ် ၂၆



နွေဦးတော်လှန်ရေး ရန်ပုံငွေစေးရောင်းပွဲအား နော်ဝေနိုင်ငံ Forland မြို့တွင် မတ်လ ၂၆ ရက်က ပြုလုပ်ရာ အမျိုးသားညီညွတ်ရေးအစိုးရ - NUG မှ ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကာ မြန်မာနိုင်ငံ၏ လက်ရှိ အခြေအနေနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ ဝန်ကြီးဌာန လုပ်ဆောင်ချက်များအား ရှင်းလင်းပြောဆိုခဲ့သည်။

အဆိုပါ ရန်ပုံငွေစေးရောင်းပွဲကို နော်ဝေရောက် မြန်မာပြည်ဖွား ပြည်သူများက ဦးဆောင်ပြုလုပ်ခြင်းဖြစ်ကာ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ဒေါ်ဇင်မာအောင် (ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး) တို့ တက်ရောက်ခဲ့ပြီး ပွဲသို့ လာရောက်သူများ သိလိုသည်များကို ရှင်းလင်းပြောဆိုခဲ့ခြင်းလည်း ဖြစ်သည်။

ယင်းရန်ပုံငွေ စေးရောင်းပွဲအပြီးဌာ ယင်းမြို့တွင် ဖွင့်လှစ်ထားသည့် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အထိမ်းအမှတ်ပန်းခြံသို့ ဝန်ကြီးများ သွားရောက်ခဲ့သေးကာ ဖက်ဒရယ်နှင့် ဌိမ်းချမ်းရေးအထိမ်းအမှတ်သစ်ပင်များအား NUG အစိုးရကိုယ်စား စိုက်ပျိုးခဲ့ကြသည်။

> "၂၀၂၃ က အပြောင်းအလဲကို ဖော်ဆောင်နိုင်မယ့် နှစ်လို့ ကျွန်တော်တို့ ပြောပါတယ်။ အပြောင်းအလဲဖော်ဆောင်မှု တစုံတရာလည်း တွေ့နေရပါပြီ။ အပြောင်းအလဲ တစုံတရာနဲ့ ကျွန်တော်တို့ ကျေနပ်နေလို့မရပါဘူး။ တစုံလုံးဖြစ်ဖို့ အတွက် NUG တစုံလုံးကလည်း အပြောင်းအလဲ လုပ်ဆောင်နိုင်ဖို့ လိုအပ်တယ်။ NUG တင်မကဘဲနဲ့ CRPH, NUCC စတဲ့ အဖွဲ့အစည်းအားလုံးက တစုံလုံး ရွေ့အောင် ကြိုးပမ်းဖို့ လိုအပ် ပါတယ်"
>
> ပြည်ထောင်စုဝန်ကြီးဦးအောင်မျိုးမင်း



မိဘပြည်သူများခင်ဗျာ...
မိမိကိုယ်တိုင် လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဖြစ်စေ၊ ကိုယ့်ပတ်ဝန်းကျင်မှာ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုတွေ ရှိနေသည်ဖြစ်စေ ထိရောက်တဲ့ အရေးယူမှု၊ တရားမျှတမှု ဖော်ဆောင်နိုင်ဖို့ အမျိုးသား ညီညွတ်ရေးအစိုးရ – NUG ရဲ့ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန – MOHR ကို တိုင်ကြားနိုင်ပါတယ်။

တိုင်ကြားတဲ့အခါ တိကျခိုင်လုံတဲ့ သတင်းအချက်အလက်တွေ ဖြစ်ဖို့က အရေးကြီးတာကြောင့် မိဘပြည်သူတို့အနေ နဲ့ ပေးပို့တိုင်ကြားရာမှာ -

- မည်သူ/မည်သည့်အဖွဲ့အစည်းက ကျူးလွန်ပါသလဲ?
- မည်သူ/မည်သူတွေက ကျူးလွန်ခြင်းခံရပါသလဲ?
- ဘယ်နေရာမှာဖြစ်ပွားခဲ့တာလဲ?
- ဘယ်အချိန်မှာဖြစ်ပွားခဲ့ပါသလဲ?
- ဘာတွေကို ကျူးလွန်ခဲ့တာပါလဲ?
- ဘယ်လိုမျိုး ကျူးလွန်ခဲ့ပါသလဲ?

စတဲ့ အချက်အလက်တွေ တတ်နိုင်သမျှ တိတိကျကျ ပါရှိဖို့ လိုအပ်ပါတယ်။

MOHR အနေနဲ့ ရရှိလာတဲ့ တိုင်ကြားမှုမှတ်တမ်းတွေကို စနစ်တကျ စုစည်းပြီး တရားမျှတမှု ရရှိဖို့အတွက် အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပေးပို့တိုင်ကြားရာမှာ လူ့အခွင့်အရေးဝန်ကြီးဌာန – MOHR ရဲ့ Facebook Page ၊ ဒါမှမဟုတ် email လိပ်စာ ဖြစ်တဲ့ report@mohr.nugmyanmar.org ကို ဆက်သွယ် ပေးပို့ တိုင်ကြားနိုင်ပါတယ်။

မတ် ၁၆ ရက်မှ ၃၁ ရက်နေ့အတွင်း လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းတင်နိုင်မှု အခြေအနေ



မတ်လ ၁၆ရက်နေ့မှ ၃၁ရက်နေ့အတွင်း အကြမ်းဖက်စစ်တပ်က မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ရွှေဂဲပြန်ကျေးရွာမှ အိမ်ထောင်သည် အမျိုးသမီး မခင်မိုးမိုးဆွေကို မုဒိန်းကျင့်သတ်ဖြတ်ခဲ့ပြီး၊ ပြည်သူ ၂ ဦး၊ သံဃာတစ်ပါး တို့အားသတ်ဖြတ်ခဲ့ခြင်း၊ ဘုတလင်မြို့နယ်တွင် အင်အား ၅၀ ကျော်ပါ စစ်ကောင်စီ စစ်ကြောင်းမှဆုံကုန်းရွာကို ရုတ်တရက်ဝင်ရောက်စီးနင်းမီးရှို့သဖြင့် မပြေးနိုင်သည့်သက်ကြီးရွယ်အိုအမျိုးသား ၁ ဦး၊အမျိုးသမီး ၆ ဦး မီးလောင်သေဆုံးခဲ့ရပြီး အိမ်ခြေ၁၅လုံးလည်း မီးလောင်ဆုံးရှုံး

ခဲ့ခြင်း၊ ကရင်နီပြည်၊ ဘောလခဲခရိုင်အတွင်း အကြမ်းဖက်စစ်ကောင်စီ တပ်ကအရပ်သားပြည်သူများရှိရာနေရာများကို တိုက်လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သောကြောင့် ဒေသခံနှစ်ဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရခဲ့ခြင်း၊ ထီးလင်းမြို့နယ်၊ တောမလမ်းပေါက်အနီးတွင် ဆေးမင်းတောရွာမှ စစ်ဘေးရှောင်လာသည့် ၁၀တန်းကျောင်းသား မောင်ပြည့်ဖြိုးကျော်ကို အကြမ်းဖက်စစ်တပ်မှ လက်ပြန်ကြိုးတုပ် သတ်ဖြတ်ထားခဲ့ခြင်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့ အင်္ဂါဘိုကျေးရွာအနီးတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်မှ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ဇီးပြောင်းကျေးရွာနေ အမျိုးသား တစ်ဦးထိခိုက် ဒဏ်ရာရရှိခဲ့ပြီး ဘီးလင်းမြို့၊ အဝန်းကြီး ကျေးရွာသို့ ဘီးလင်းမြို့နယ် အခြေစိုက်စစ်ကောင်စီ အမြောက်တပ်မှလက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သောကြောင့် အသက် ၅ နှစ်အရွယ် မောင်ဖိုးသကြိန် လက်နက်ကြီး ကျည်ထိမှန် သေဆုံးခဲ့ရခြင်းအပါအဝင် တစ်နိုင်ငံလုံးတွင် ဥပဒေမဲ့သတ်ဖြတ်မှု (၆၄)မှု ခန့်ဖြစ်ပွားခဲ့သည်။

မတ်လ ၁၆ ရက်နေ့မှ ၃၁ ရက်နေ့အတွင်း တိုင်းနှင့်ပြည်နယ်အတွင်း စစ်ကောင်စီ၏လူအခွင့်အရေးချိုးဖောက်ခံရမှုများ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ ဒကစမှ (၁၂၀ မမ) လက်နက်ကြီးကျည် ၅ ကြိမ် ပစ်ခတ်ပေါက်ကွဲခဲ့သောကြောင့် အမျိုးသမီးတစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း၊ ကန့်ဘလူမြို့နယ် ၊ညောင်ဇင်ကြီးရွာတွင် အကြမ်းဖက်စစ်အုပ်စုနှင့် ပျူစောထီးအင်အား(၁၅၀)ခန့်မှ စိတ်ကျန်းမာရေး ချို့တဲ့သူ အသက်(၃၅)အရွယ် ကိုမျိုးမင်းဦး(ခ) ကိုထွန်းမင်းဦးအား မီးရှို့သတ်ဖြတ်ခဲ့ကြပြီး ကျောင်းထိုင်ဘုန်းကြီးသက်တော် (၆၀)အရွယ် ဥူးသောမလ အားဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်း ၊ တမူးမြို့နယ်အထက်ပိုင်း တမူး-အောင်ဇေယျလမ်းမပေါ်ရှိ ကျွန်းတောင်းရွာသစ်ကျေးရွာကိုစစ်ကောင်စီတပ်မှ ဝင်ရောက်စစ်ကြောင်းထိုးကာ မီးရှို့ဖျက်ဆီးမှုများပြုလုပ်ခဲ့၍ နေအိမ် ၂၄ လုံးမီးလောင်ပျက်စီးခဲ့ခြင်း၊ ခင်ဦးမြို့နယ်၊ မြကန်ကျေးရွာကိုစစ်ကောင်စီတပ်ကလက်နက်ငယ်များဖြင့် ပစ်ခတ်ကာ ဝင်ရောက်ခဲ့ပြီး အသက် ၆၅ နှစ်အရွယ် ဦးညိုတင်ကို ဖမ်းမိကာ ရိုက်နှက် သတ်ဖြတ်သွားခဲ့ခြင်းတို့အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှု (၄၈)ခုရှိခဲ့ပြီး တစ်နိုင်ငံလုံးတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အများဆုံးဖြစ်သည်။

ICC ၊ ပူတင်ဖမ်းဝရမ်းနဲ့ မင်းအောင်လှိုင်၏ ဖြစ်နိုင်ခြေအလားအလာ

မတ် ၁၈

“ယူကရိန်းနိုင်ငံကို ကျူးကျော်ပြီး စစ်ရာဇဝတ်မှုတွေ ကျူးလွန်နေတယ်ဆိုတဲ့အချက်နဲ့ ပူတင်ကို ICCတရားရုံးက ဖမ်းဝရမ်းထုတ်လိုက်တာ သတင်းကောင်းတစ်ခုပါ။

ယူကရိန်းနိုင်ငံက မြန်မာနိုင်ငံလိုဘဲ ICC ရဲ့ စာချုပ်ဖြစ်တဲ့ ရောမဥပဒေသ (Rome Statue) စာချုပ်ကို လက်မှတ်ရေးထိုးထားတဲ့နိုင်ငံ မဟုတ်ပါဘူး။ ဒါပေမဲ့ တရားရုံးရဲ့ လုပ်ပိုင်ခွင့် ၁၂(၃) ကို အသုံးပြုပြီးတော့ သူ့တိုင်းပြည်ကို ကျူးကျော်ပြီး ရာဇဝတ် မှုတွေ ကျူးလွန်နေတဲ့ ရုရှားစစ်တပ်ရဲ့ခေါင်းဆောင် ပူတင်ကို အရေးယူဖို့တရားရုံးကို ထုတ်ပြန်ကြေညာချက် တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ ဒီလုပ်ပိုင်ခွင့် ၁၂(၃) ဆိုတာ ကတော့ နိုင်ငံတခုကိုတစ်ခြားနိုင်ငံတစ်ခုက ကျူးကျော်ဝင်ရောက်ပြီး အခုလိုမျိုး နိုင်ငံတကာ ရာဇဝတ်မှုတွေ ကျူးလွန်နေခဲ့ရင် သက်ဆိုင်ရာနိုင်ငံကနေ ICC တရားရုံးကို နိုင်ငံ့အရေးကို စုံစမ်းပြီးတော့ ကျူးလွန်သူအပေါ် စစ်ဆေးအရေးယူဖို့အတွက် ဖိတ်ခေါ်နိုင်တဲ့ လုပ်ထုံးလုပ်နည်းတခုပါ။

ယူကရိန်းနိုင်ငံဟာ (Rome Status) စာချုပ်အဖွဲ့ဝင် မဟုတ်ပေမယ့်လုပ်ပိုင်ခွင့် ၁၂ (၃)ကို အခုလို ကျင့်သုံးပြီး အရေးယူဖို့ နှစ်ကြိမ်တိုင်တိုင် တင်သွင်းခဲ့ပါတယ်။ ဒီလို တင်သွင်းမှုအပေါ် Rome Status စာချုပ်အဖွဲ့ဝင်နိုင်ငံထဲက လစ်သူရေးနီးယားနိုင်ငံက ၂၀၂၂ ခုနှစ် မတ်လ (၁) ရက်နေ့မှာ စတင်ထောက်ခံခဲ့ပြီး ၂၀၂၂ ခုနှစ် မတ်လ (၂) ရက်နေ့မှာတော့ တခြားနိုင်ငံပေါင်း (၃၈) နိုင်ငံက ထပ်မံထောက်ခံခဲ့ပါတယ်။ ဒီလိုမျိုးတင်သွင်းမှုနဲ့ စာချုပ်အဖွဲ့ဝင်နိုင်ငံအများအပြားက အားပေးထောက်ခံမှုကြောင့် တရားရုံးက အမှုကိုလက်ခံပြီး အခုလို ဖမ်းဝရမ်းထုတ်ခဲ့တာ ဖြစ်ပါတယ်။

NUG အစိုးရအနေနဲ့လည်း ယူကရိန်းက တင်သွင်းခဲ့သလို လုပ်ပိုင်ခွင့် 12(3)ကို အသုံးပြုပြီး မြန်မာနိုင်ငံအတွင်းမှာ အကြမ်းဖက် စစ်အုပ်စုက ကျူးလွန်နေတဲ့ ရာဇဝတ်မှုတွေ ကို အခုလိုပဲ စုံစမ်းစစ်ဆေးအရေးယူဖို့အတွက် ၂၀၂၁ ခုနှစ် ဇူလိုင်လ (၁၇) ရက်နေ့မှာ နိုင်ငံတော်ယာယီသမ္မတကြီးက လက်မှတ်ရေးထိုး ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းမှာ ကျူးလွန်တဲ့ ရာဇဝတ်မှုတွေ သာမကဘဲ ၂၀၁၇ ခုနှစ် ဇူလိုင်လနောက်ပိုင်းကနေစပြီး ကျူးလွန်ခဲ့တဲ့ရာဇဝတ်မှုတွေပါ အကျုံးဝင်ကြောင်း ထည့်သွင်းဖော်ပြထားပါတယ်။

ဒါပေမဲ့ မြန်မာနိုင်ငံအရေးဟာ ယူကရိန်းထက် ပိုပြီးတော့ ရှုပ်ထွေးတာတွေ့ရပါတယ်။ ယူကရိန်းမှာ တစ်ခြားနိုင်ငံက ယူကရိန်း နိုင်ငံကို ကျူးကျော်ဝင်ရောက်မှုဟာ ထင်ရှားပေမဲ့ မြန်မာနိုင်ငံရဲ့ အခြေအနေက ကိုယ်ရဲ့နိုင်ငံတွင်းက ပြည်သူတွေကို အကြမ်းဖက် စစ်ကောင်စီက ချိုးဖောက်တဲ့ရာဇဝတ်မှုမျိုးဖြစ်နေပါတယ်။ ဘာဘဲဖြစ်ဖြစ် ယူကရိန်းပြည်သူတွေရင်ဆိုင်ခံစားနေရတဲ့ ရာဇဝတ်မှုတွေထက် မသာရင်တောင် မလျော့တဲ့ အဖြစ်မျိုးတွေကို မြန်မာနိုင်ငံက ပြည်သူတွေ ခံစားနေရတာပါ။ ပြည်သူတွေရဲ့ရပ်ရွာတွေကို အကြမ်းဖက်စစ်တပ်တွေ ဝင်ရောက် ကျူးလွန်နေတာဖြစ်ပါတယ်။ ဒါတွေကို သတိရှိသဘောပေါက်ဖို့ လိုပါတယ်။

ယူကရိန်းကိုထောက်ခံသလို တရားရုံးကို စစ်ဆေးအရေးယူဖို့ တင်သွင်းထားတဲ့ NUG အစိုးရရဲ့ ပန်ကြားထားတဲ့အချက်ကိုလည်း စာချုပ်အဖွဲ့ဝင်နိုင်ငံတွေက အားပေးထောက်ခံလာအောင် ဆက်လက်ပြီး ကြိုးပမ်းလျှက်ရှိတယ်။ တစုံတရာတိုးတက်မှုကနေ တစုံလုံးတိုးတက်မှုပေါ်ထွန်း လာအောင် လုပ်ကြရမှာပါ” - **ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေး အစိုးရ (ရုရှ ပူတင် အိုင်စီစီ ဖမ်းဝရမ်းနှင့် မြန်မာ့အရေး အလားအလာ ခေါင်းစဉ်ဖြင့် DVB သတင်းဌာန ပြုလုပ်ခဲ့သည့် စကားဝိုင်းအစီအစဉ်မှ ကောက်နုတ်ချက်)**

အကြမ်းဖက်စစ်ကောင်စီက သွေးခွဲသပ်လျှိုနည်း ပိုသုံးလာတယ်

မတ် ၁၆

“သံတမန်များနဲ့တွေ့ဆုံမှုကိုလည်း ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ မြေပြင်ကမျက်မြင်သက်သေတွေ၊ အလောင်းတွေကို သွားရောက်ကောက်ယူခဲ့တဲ့ သူတွေ၊ အလောင်းတွေကို စစ်ဆေးခဲ့တဲ့သူတွေရဲ့ တင်ပြချက်တွေအရဆိုရင် အကြမ်းဖက်စစ်ကောင်စီက အရပ်သားပြည်သူတွေကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တယ်ဆိုတဲ့အချက်ဟာ ထင်ထင်ရှားရှားပေါ်လွင်ခဲ့ပါတယ်။ အကြမ်းဖက်စစ်ကောင်စီဟာ အခုနောက်ပိုင်းမှာ ဗျူဟာ (၃) ခုကို ချပြီး လုပ်ဆောင်နေတာ ထင်ရှားလာပါတယ်။

“ဗျူဟာ(၁)ကတော့ စစ်အင်အားတွေ တိုးချဲ့ပြီးတော့ တော်လှန်ရေးအင်အားစုတွေကိုချေမှုန်းဖို့ စစ်ရေးအရ ထိုးစစ်ဆင်တဲ့ နည်းလမ်းပါ။ အကြောက်တရားနဲ့ ဖိနှိပ်မယ်ဆိုတဲ့ ဗျူဟာပါ။ ဗျူဟာ (၂) ကတော့ သူတို့ချိုးဖောက်တဲ့ ရာဇဝတ်မှုတွေဟာ ဒီမိုကရေစီအင်အားစုတွေဖက်က ချိုးဖောက်ပါတယ် ဆိုပြီးတော့ နာမည်ပျက်အောင်လုပ်ဆောင်သည့် နည်းလမ်းကိုလည်းလုပ်ဆောင်လာတာ ထင်ရှားပါတယ်။ မြင့်မြတ်တဲ့ နွေဦးတော်လှန်ရေးအပေါ် အပုတ်ချပြီး နိုင်ငံတကာထောက်ခံမှုပျက်အောင်လုပ်ဆောင်တာပါ။ ဗျူဟာ (၃)ကတော့ ဖက်ဒရယ်ဒီမိုကရေစီအရေးအတွက် တိုက်ပွဲဝင်နေကြတဲ့ အင်အားစုတွေအချင်းချင်း ပြည်သူတွေနဲ့ အင်အားစုတွေအကြား သွေးခွဲပြီး ပြိုကွဲအောင်လုပ်ဆောင်တဲ့ နည်းလမ်းပါဘဲ။ သမိုင်းတလျောက် ကျင့်သုံးလာခဲ့တဲ့ သွေးခွဲသပ်သျှိုမှုနည်းကို ပိုသုံးလာတာ တွေ့ရပါတယ်။ ဒါကြောင့် အကြမ်းဖက်စစ်အုပ်စုရဲ့ ဗျူဟာတွေကို သဘောပေါက်ပြီး သတိရှိရှိ ကျော်ဖြတ်နိုင်ဖို့ အရေးကြီးပါတယ်” - **ဦးအောင်မျိုးမင်း (ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ)**

နန်းနိန်ကျေးရွာ အစုလိုက်အပြုံလိုက်လူသတ်မှု သတင်းစာရှင်းလင်းပွဲအပြီး ပြောကြားချက်

ရရှိထားတဲ့ သက်သေအထောက်အထား War Crimeမြောက်တာ တွေ့ရပါတယ်

မတ် ၁၉



“ကိန်းဂဏန်းတွေကို ကြည့်မယ်ဆိုရင်တော့ သာမန် လူ့အခွင့်အရေးချိုးဖောက်မှုတင် မကတော့ဘဲနဲ့ တကယ့်ကို ဆိုးဝါးတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုလို့ ပြောနိုင်ပါတယ်။ ခုနက မေးခွန်းဖြစ်တဲ့ စစ်ရာဇဝတ်မှု မြောက်ပါသလားဆိုတဲ့အချက်ကို မြောက်ပါတယ်လို့ ကျွန်တော် ရဲရဲတင်းတင်း ပြောလိုပါတယ်။ ဥပဒေအရပဲ ကြည့်ကြည့်၊ ကျွန်တော်တို့ ရရှိထားတဲ့ သက်သေအထောက်အထား အရပဲကြည့်ကြည့်၊ နောက်တစ်ခါ နိုင်ငံတကာစံချိန်စံညွှန်းတွေအရပဲ ကြည့်ကြည့် သေချာခိုင်လုံတဲ့ ရာဇဝတ်မှု၊ စစ်ပွဲဆိုင်ရာ ရာဇဝတ်မှု - War Crime မြောက်တာ တွေ့ရပါတယ်။ ပထမဦးဆုံး ဒီလိုမျိုးလုပ်ဆောင်တဲ့ စစ်တပ်တွေက၊ တပ်ရင်းတပ်ဖွဲ့တွေ စစ်ကြောင်းတွေက တစ်နေရာမှာ ကျူးလွန်တာ မကဘဲနဲ့ သူတို့သွားတဲ့ ရွာပေါင်းစုံမှာ၊ ရွာစဉ်တစ်လျှောက်မှာ၊ စစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ အရပ်သားတွေကို ဖမ်းဆီး သတ်ဖြတ်မှု ဖြစ်ပါတယ်။ ဒါဆိုရင် သေသေချာချာ စစ်ရေးဗျူဟာချပြီးတော့ လုပ်ဆောင်တဲ့ သဘော သက်ရောက်တာ ရှိပါတယ်။ နောက်တစ်ခုက ဒီလိုမျိုးသတ်ဖြတ်ခံရတဲ့သူတွေကို ကြည့်မယ်ဆိုရင်တော့

အရပ်သား ပြည်သူတွေ၊ အမျိုးသမီးတွေ၊ ကလေးငယ်တွေ၊ တချို့ဆိုရင် ဘုန်းတော်ကြီးတွေတောင် ပါတဲ့အဆင့်အထိ ဖြစ်ပါတယ်။ အဲဒီတော့ စစ်ပွဲဆိုင်ရာ ရာဇဝတ်မှုဥပဒေရဲ့ သတ်မှတ်ချက်အရ စစ်အတွင်းမှာ တပ်ဖွဲ့တွေ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ တိုက်ခိုက်တာ ဒါက စစ်ရဲ့ လုပ်ထုံး လုပ်နည်း၊ စစ်ရဲ့ဥပဒေ ဖြစ်ပါတယ်။ ဒါပေမဲ့ အရပ်သားတွေကို လုံးဝ တိုက်ခိုက်ခြင်း မရှိရဘူး၊ သတ်ဖြတ်ခြင်းမရှိရဘူးဆိုတာ ဖော်ပြထားတယ်။ အဲဒီတော့ ဒီအထဲထဲမှာ ဘာတွေ တွေ့ရသလဲဆိုတော့ အမျိုးသမီးငယ်တွေကအစ ဖမ်းဆီးခံထိတယ်၊ ကလေးငယ်တွေက ဖမ်းဆီးခံထိတယ်။ လုံးဝ မထွက်ပြေးနိုင်တဲ့ အိမ်ယာပေါ် လဲနေတဲ့ သက်ကြီးရွယ်အိုမှန်းသိရက်နဲ့ ဆွဲချပြီး သတ်ဖြတ်မှု ဖြစ်တဲ့အတွက် အရပ်သားတွေကို ဦးတည်ထား သတ်ဖြတ်တာကို တွေ့နိုင်ပါတယ်” - **ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ (စစ်ကောင်စီတပ်ရဲ့ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုတွေနဲ့ အရေးယူဆောင်ရွက်နိုင်ရေး | Human Rights Barometer - Episode 9 ကောက်နုတ်ချက်) (ယင်းအစီအစဉ်အား ဝန်ကြီးဌာနနှင့် မဇ္ဈိမသတင်းဌာနတို့ ပူးပေါင်းကာ နှစ်ပတ်တစ်ကြိမ် ထုတ်လွှင့်နေခြင်း ဖြစ်သည်။**

အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု - လူ့အခွင့်အရေးစကားသံအစီအစဉ်

မတ် ၁၉



“ဖိနှိပ်တဲ့ကာလအတွင်းမှာ အကြမ်းဖက်မှု၊ လူသတ်မှု၊ ရက်စက်ကြမ်းကြုတ်မှုတွေနဲ့ အသားကျနေတဲ့အကြမ်းဖက်စစ်အုပ်စုက အရပ်သားပြည်သူတွေအပေါ် နည်းမျိုးစုံနဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ၊ အကြမ်းဖက်မှု၊ ရာဇဝတ်မှုတွေ ဆက်လက် လုပ်ဆောင် လျက်ရှိပါတယ်။ ဒါကြောင့်မို့ ကုလသမဂ္ဂ အပါအဝင် ကုလသမဂ္ဂဆိုင်ရာ မဟာမင်းကြီး၊ ကုလသမဂ္ဂ အထူးစုံစမ်းစစ်ဆေးရေးအရာရှိနဲ့ ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ကိုယ်တိုင်က အကြမ်းဖက်စစ်ကောင်စီရဲ့ လုပ်ရပ်တွေက ရက်စက်ကြမ်းကြုတ်မှုတွေ ပြည့်နှက်နေလို့ နိုင်ငံတကာရာဇဝတ်မှုကို ကျူးလွန်နေတာ အကြိမ်ကြိမ်အခါခါ ထုတ်ဖော်ပြောကြားပြီးသားဖြစ်ပါတယ်။ နောက်ပိုင်းမှာ ဆန္ဒပြတဲ့သူတွေကို ရက်ရက်စက်စက် သတ်ဖြတ်တာတင်မကဘဲ မြန်မာနိုင်ငံ ဒေသအသီးသီးကိုပါ အကြမ်းဖက်မှု ပျံ့နှံ့သွားပါတယ်။ လူသတ်တယ်၊ မုဒိန်းကျင့်တယ်၊ ရွာတွေကိုမီးရှို့တယ်” - **ဦးအောင်မျိုးမင်း၊ ပြည်ထောင်စုဝန်ကြီး၊ လူ့အခွင့်အရေးဆိုင်ရာ ဝန်ကြီးဌာန၊ အမျိုးသားညီညွတ်ရေးအစိုးရ**

(အကြမ်းဖက်စစ်ကောင်စီက နိုင်ငံတစ်ဝန်းရှိ ပြည်သူများအပေါ် ကျူးလွန်နေသည့် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများနှင့် ပတ်သက်သည့် သတင်းစကား)

"စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုကို အဓိပ္ပါယ်ဖွင့်ဆိုတဲ့နေရာမှာ တကယ့်အချုပ်အခြာအာဏာဟာ ပြည်ထောင်စုအဖွဲ့ဝင် ပြည်နယ် က ပြည်သူတွေမှာပဲ ရှိရပါမယ်။ ပြည်နယ်တွေကနေပဲ ဆင်းသက်ရပါမယ်။ မူလအချုပ်အခြာအာဏာပိုင်ကလည်း ပြည်ထောင်စု အဖွဲ့ဝင်ပြည်နယ်တွေမှာပဲ ရှိပါတယ်။ အဲဒီကမှတဆင့် ပြည်ထောင်စုကို အာဏာခွဲဝေပေးပြီး ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့်ဆိုပြီး ဖက်ဒရယ်စနစ်နဲ့ အဆင့်ဆင့် စီမံအုပ်ချုပ်စေတာဖြစ်ပါတယ်။ ဒါမှ စစ်မှန်တဲ့ဖက်ဒရယ်ပြည်ထောင်စုလို့ ခေါ်ဆိုနိုင်ပါလိမ့်မယ်”

ပြည်ထောင်စုဒုတိယဝန်ကြီး၊ ခွန်းဗဟန်းထန်

“စစ်ကြောင်းသုံးကြောင်းလုံးက မီးရှို့ပြီးသတ်တာ”

မန္တလေးတိုင်း၊ မတ္တရာမြို့နယ်အတွင်းရှိ ဒေါင်းကျွန်းအပါဝင် ကျေးရွာခုနစ်ရွာအား အကြမ်းဖက်စစ်ကောင်စီ တပ်ဖွဲ့များက စစ်ကြောင်းသုံးကြောင်းဖြင့် မတ်လ ၁၂ ရက်မှ ၁၇ ရက်အထိ ငါးရက်အတွင်း စစ်ကြောင်းထိုး ဝင်ရောက်တိုက်ခိုက်စီးနင်း မီးရှို့ခဲ့ပြီးနောက် သံဃာတော်တစ်ပါး၊ အမျိုးသမီးနှစ်ဦးနှင့် အမျိုးသားနှစ်ဦးတို့ ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရသည့်အပြင် အပြစ်မဲ့ပြည်သူပိုင် နေအိမ် အလုံး ၁၀၀ ကျော် မီးရှို့ဖျက်ဆီးခံခဲ့ရသည်။

သေဆုံးသည့် အမျိုးသမီး နှစ်ဦးအနက် ရွှေခဲပုံရွာသူ မခင်မို့မို့ဆွေမှာ အကြမ်းဖက်စစ်ကောင်စီ တပ်သားများ၏ အဓမ္မပြုကျင့်ခံရပြီးနောက် ကျည်သင့်ဒဏ်ရာ၊ ဓားဒဏ်ရာတို့ဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကာ မြွေရေယာဉ်ရွာမှ ဒေါ်မူမှာ သွက်ချာပါဒ ရောဂါခံစားရကာ ကျန်းမာရေးမကောင်း၍ မပြေးနိုင်သည့်အတွက် သူမ၏ နေအိမ်နှင့်အတူ မီးရှို့သတ်ဖြတ် ခံရခြင်း ဖြစ်သည်။

ဒေါင်းကျွန်းကျေးရွာနေ မောင်ဝင်းထက်မှာ စိတ်ကျန်းမာရေးမကောင်းသူဖြစ်ကာ စစ်ကောင်စီတပ်ဖွဲ့များက ၎င်းအား လွှစာပုံပေါ်တင် မီးရှို့သတ်ဖြတ်ခဲ့ကာ နေအိမ်ကိုပါ မီးရှို့အလောင်းဖျောက်ဖျက်ခဲ့သည်။ ဒေါင်းကျွန်းရွာမှ မဲဇလီချောင်းကျေးရွာသို့ စစ်ရှောင်နေသည့် သံဃာတော် ဦးဇင်းဦးအုန်းလှိုင်မှာလည်း စစ်ကောင်စီပစ်ခတ်သည့် လက်နက်ကြီးကျည် ထိမှန်သေဆုံးခဲ့ကာ ဦးခင်မောင်ကြည်ဆိုသူမှာ လက်နက်ကြီးမထိရန် ရှောင်တိမ်းနေစဉ်အတွင်း အမောဖောက် သေဆုံးခဲ့သည်။

“မတ္တရာနယ်ဘက်ကလာတဲ့ စစ်ကြောင်းက တစ်ကြောင်း၊ မန္တလေးဘက်ကနေလာတဲ့ ရေလမ်းကြောင်းက တစ်ကြောင်း၊ တောင်ရိုးခြေ အတိုင်းလာတဲ့ စစ်ကြောင်းကတစ်ကြောင်း၊ သုံးကြောင်း။ အဲဒီ သုံးကြောင်းလုံးမှာက သူတို့မီးရှို့ပြီး သတ်တာက သုံးဦးပေါ့။ သုံးဦးစလုံးကို မီးရှို့ပြီး သတ်သွားတယ်ပေါ့။ မတ္တရာဘက်က ထွက်တဲ့စစ်ကြောင်းက ဒေါ်မူကို သတ်သွားတာ၊ ၁၆ ရက်နေ့မှာ။ ကျွန်တော်တို့ မန္တလေးဘက်ကနေလာတဲ့ ရေကြောင်းက စစ်ကြောင်းကကျတော့ ဝင်းထက်ကို သတ်သွားတယ်ပေါ့၊ ဝင်းထက်ကို မီးရှို့သတ်သွားတယ်။ ဦးခင်မောင်ကြည်ကိုလည်း လက်နက် ကြီးနဲ့ ပစ်ပြီးတော့ ဦးခင်မောင်ကြည်လည်း အမောဖောက်ပြီးတော့ သေသွားတယ်ပေါ့။ အခု ကျွန်တော်တို့ဒီ မင်းကွန်းက ထွက်လာတဲ့ စစ်ကြောင်းကကျတော့ မခင်မို့မို့ဆွေနဲ့ ဦးဇင်းအုန်းလှိုင်၊ သူတို့ကသတ်သွားတယ်။ သုံးကြောင်းစလုံးက အကုန်လုံးက သူတို့က လုပ်သွားတယ်ပေါ့ဗျာ။ (မခင်မို့မို့ဆွေ အဓမ္မပြုကျင့်ခံရမှု) သေချာဖို့အတွက် အဲဒီဟာကို ကျွန်တော်တို့စစ်လိုက်တဲ့အခါမှာ အမျိုးသမီးရဲ့ အင်္ကျီမှာ ကျွန်တော်တို့ သွေးစသွေးနတွေတွေ့ရတဲ့ အချက်အလက်တွေ ရှိတယ်။ နောက်ပြီးတော့ သူ့ရဲ့ခါးပိုင်းတွေမှာလည်း ကျွန်တော်တို့ အားနဲ့အင်နဲ့ ကိုင်ဆုပ်ထားတဲ့ လက်ရာတွေလဲ တွေ့ရတယ်ပေါ့။ နောက်ပြီးတော့ အတင်းအဓမ္မ ရုန်းကန်နေတဲ့ အရာတချို့တွေပေါ့။ မတ္တရာမြို့နယ်မှာက မြွေအကုန်လုံး ၁၂ ရွာ ရှိတယ်ဗျ ။ အဲဒီ မြွေ ၁၂ ရွာထဲမှာ ၇ ရွာကို သူတို့က မီးရှို့သွားတယ်ဗျ။ ကျွန်တော်တို့ထဲမှာ အကုန်လုံး အိမ်ခြေပေါင်း ၁၀၀ ကျော်လောက်ရှိတယ်ဗျ”

- ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦး

(မန္တလေးတိုင်း၊ မတ္တရာမြို့နယ်အတွင်း၌ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့များက ၂၀၂၃ ခုနှစ်၊ မတ်လ ၁၂ ရက်မှ ၁၇ ရက်အတွင်း ကျေးရွာ ခုနစ်ရွာ မီးရှို့မှု၊ အမျိုးသမီးတစ်ဦးအား အဓမ္မပြုကျင့် သတ်ဖြတ်ခြင်းနှင့် သံဃာတော်တစ်ပါးအပါအဝင် လေးဦးအား သတ်ဖြတ်ခြင်းနှင့် ပတ်သက်၍ ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးအား ဆက်သွယ်မေးမြန်းခြင်း)

စစ်တပ်အာဏာသိမ်းမှုကြောင့် ဖြစ်တည်လာသည့် ကိန်းဂဏန်းများ

၆၀,၄၅၉

စစ်တပ် အာဏာသိမ်းပြီးနောက် စစ်ကောင်စီနှင့် ၎င်းလက်အောက်ခံ အဖွဲ့အစည်းများက နိုင်ငံအနှံ့ မီးရှို့ဖျက်ဆီးမှုများ ကျူးလွန်လျက်ရှိရာ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်အထိ အရပ်သားပြည်သူများပိုင် နေအိမ် ၆၀,၄၅၉ လုံး မီးလောင် ပြာကျ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ၎င်းအနက် အာဏာသိမ်း စစ်တပ်အား ပြန်လည်ခုခံမှုများသည့် စစ်ကိုင်းတိုင်းအတွင်း၌ မီးရှို့ဖျက်ဆီးခံရမှု အများဆုံးဖြစ်ကာ ၄၇,၇၇၈ လုံး ပျက်စီးဆုံးရှုံးခဲ့သည်။ ထို့ပြင် မကွေးတိုင်း၌ ၉,၀၁၉ လုံး၊ ချင်းပြည်နယ်၌ ၁,၄၈၅ လုံး မီးလောင်ပျက်စီးခဲ့ကာ ကျန်တိုင်းနှင့် ပြည်နယ်များ၌ ပြည်သူပိုင်နေအိမ် ၂,၁၇၇ လုံး ပျက်စီးဆုံးရှုံးခဲ့ ရသည်။

၃,၁၈၂ + ၁၇,၀၅၈

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက် စစ်တပ်၏ မတရားအာဏာ လုပ်ကြံဖြစ်စဉ်အား ဆန့်ကျင်ခဲ့သည့် ဒီမိုကရေစီရေး လှုပ်ရှား သူများနှင့် ပြည်သူများ သေဆုံးရမှုမှာ ၃,၁၈၂ ဦးအထိ ရှိလာပြီ ဖြစ်သည်။ ထို့ပြင် ဖမ်းဆီးခံရသူပေါင်း ၁၇,၀၅၈ ဦး ရှိကာ ၎င်းအနက် ၅,၂၅၄ ဦးမှာ စစ်တပ်လက်အောက်ခံ တရားရုံးများ၏ မတရားထောင်ဒဏ်ချမှတ်ခြင်း ခံထားရသည်။

၁၅၀ - ၄၂

စစ်တပ်အာဏာသိမ်းမှုနှင့် အာဏာရှင်စနစ် ဆန့်ကျင်ရေး နွေဦးတော်လှန်ရေး၌ ပါဝင်မှုဖြင့် ၂၀၂၂ ခုနှစ် မတ်လ ၂၉ ရက်အထိ အကြမ်းဖက်စစ်ကောင်စီ၏ သေဒဏ်ချမှတ်ခံရသူ ပေါင်း ၁၅၀ ဦးအထိ ရှိပြီ ဖြစ်သည်။ ယင်းအနက် ၁၂၁ ဦးမှာ မျက်ကွယ်သေဒဏ် ချမှတ်ခံရခြင်းဖြစ်ကာ လက်တွေ့ကွပ်မျက် ခံခဲ့ရသူ ၄၂ ဦး ရှိသည်။ နိုင်ငံတစ်ဝန်း အကျဉ်းထောင်များ၌ သေဒဏ်ဖြင့် ဆက်လက်ထိန်းခံထားရသူ ၁၀၈ ဦးအထိ ရှိသည်။

ကျောင်းသား - ၅၀ (ည) - ၁၀ နှစ်

တနင်္သာရီတိုင်း၊ ထားဝယ် နည်းပညာတက္ကသိုလ် ကျောင်းသား သမဂ္ဂ ခေါင်းဆောင်နှစ်ဦးအား အကြမ်းဖက်စစ်ကောင်စီက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀ (ည) ဖြင့် တရားစွဲထားပြီးနောက် မတ်လ ၂၈ ရက်တွင် ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်လိုက်သည်။ မတရားထောင်ဒဏ်ချမှတ်ခံရသည့် ကျောင်းသားနှစ်ဦးမှာ ထားဝယ်ခရိုင် ကျောင်းသားသမဂ္ဂ ဥက္ကဋ္ဌဟောင်း ကိုမျိုးမင်းဦးဖြစ်ကာ ၂၀၂၁ ခုနှစ် မေလအတွင်း ကလည်း စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးဆန္ဒပြမှုဦး ပါဝင်မှုဖြင့် ပထမအကြိမ် ဖမ်းဆီးခံရပြီးနောက် အောက်တိုဘာလ ၁၂ ရက်တွင် ပြန်လည် လွတ်မြောက်လာသူ ဖြစ်သည်။ ထို့နောက် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၂ ရက်တွင် ထားဝယ်မြို့၊ ခုံဝင်းဒပ်ရပ်ကွက်တွင် ဖမ်းဆီးခံရပြီးနောက် ဒုတိယအကြိမ် ထောင်ဒဏ် ထပ်မံချမှတ်ခံရခြင်း ဖြစ်သည်။ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေဖြင့် နောက်ထပ် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခံရသူမှာ ထားဝယ်နည်းပညာတက္ကသိုလ် ကျောင်းသား သမဂ္ဂအဖွဲ့ဝင် ကိုအောင်ဝေယံထွန်းဖြစ်ကာ ၎င်းအား ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၁ ရက်တွင် ထားဝယ်မြို့၊ ကြက်စားပြင် ရပ်ကွက်ရှိ နေအိမ်၌ ဖမ်းဆီးခံရပြီးနောက် ထောင်ဒဏ် ချမှတ်ခဲ့ခြင်း ဖြစ်သည်။

ကျိုက်ထို (မဲရုံ) = ၇ - ၂

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ မဲရုံရွာအနီး၌ လက်နက်ကိုင် ပဋိပက္ခမရှိဘဲ အကြမ်းဖက်စစ်အုပ်စုက အရပ်သားများအား ပစ်မှတ်ထားကာ မတ်လ ၂၇ ရက် နေ့လယ် ၁၂ နာရီခန့်က လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် ကျေးရွာအတွင်း စိုက်ပျိုးရေး ခြံသို့ ကျရောက်ပေါက်ကွဲကာ ဒေသခံခြံလုပ်သားတစ်ဦး ကျည်စထိမှန်သေဆုံးကာ နေရာ၌ပင် ပွဲချင်းပြီး သေဆုံးခဲ့ပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့သည်။ သေဆုံးသူမှာ ကိုလှိုင်ထက်အောင် ဆိုသူဖြစ်ကာ ဒဏ်ရာရသူ ခြောက်ဦးအနက် ကိုစောနောင်မှာလည်း ကျိုက်ထိုမြို့နယ်ဆေးရုံ၌ ကုသမှု ခံယူစဉ် ထပ်မံသေဆုံးခဲ့သည်။

ကိုးကား - AAPP, Data for Myanmar